အကြင်သူသည်

(အင်းအိုင်၊အဆောင်၊လက်ဖွဲ့၊ခမည်း)တစ်စုံတစ်ရာကိုချိတ်ဆွဲပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းအား

ထိုအရာဘက်သို့အပ်နှင်းတော်မူမည်ဖြစ်သည်။

အဗ်ဒုလ္လာဟ် ဗင်န် အိုကိုင်မ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အကြင်သူသည် (အင်းအိုင်၊အဆောင်၊လက်ဖွဲ့၊ခမည်း)တစ်စုံတစ်ရာကို ချိတ်ဆွဲပါက
အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ထိုအရာဘက်သို့အပ်နှင်းတော်မူမည်ဖြစ်သည်။
[ဤဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] [သိရ်မိဇီကျမ်း။ - အိမာမ် အဟ်မဒ် ဆင့်ပြန်ခဲ့သည်။]

အကြင်သူသည် မိမိ၏ စိတ်နှလုံးသားနှင့်ဖြစ်စေ သို့မဟုတ် လုပ်ရပ်နှင့်ဖြစ်စေ သို့မဟုတ်နှစ်ခုစလုံးနှင့်ဖြစ်စေ တစ်စုံတစ်ရာထံမှ ကောင်းကျိုးများရရှိရန် သို့မဟုတ်ဒုက္ခများကို ဖယ်ရှားပေးရန် အတွက် မျှော်လင့်ချက်ထားခဲ့ပါက အလ္လာဟ်အရှင်မြတ်သည်၎င်းအား သူမျှော်လင့်ချက်ထားခဲ့သည့် အရာဘက်သို့ အပ်နှင်းတော်မူမည်ဖြစ်သည်။မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့်အဆက်အသွယ်ထားရှိခဲ့သော် အရှင်မြတ်သည် ထိုသူ့အဖို့လုံလောက်တော်မူပြီး အခက်အခဲတိုင်းကို လွယ်ကူစေတော်မူမည်ဖြစ်သည်။ ထို့အတူ မည်သူမဆိုအရှင်မြတ်မှအပ အခြားတစ်စုံတစ်ရာဖြင့် အဆက်အသွယ်ထားခဲ့ပါက အလ္လာဟ်အရှင်မြတ်သည်၎င်းအား ထိုအရာဘက်သို့ အပ်နှင်းတော်မူလိုက်ပြီး ကူညီစောင်မတော်မူခြင်းမပြုဘဲစွန့်ပစ်ထားတော်မူမည်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/6763